မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

November 25 , 2025 Volume 96 , Number 15

၂၅-၁၁-၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၁၉.၄၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၁.၂၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၅၅.၂၀ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၃၅၅.၀၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၉၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၅၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၉၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၇.၇၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၉၆ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## မကွေးတိုင်းဒေသကြီးတွင် ဥစားကြက်မွေးမြူရေးဇုန် ဖော်ဆောင်မည်



မကွေးတိုင်းဒေသကြီးအတွင်းက ပြည်သူတွေ ဈေးနှုန်းသက်သာပြီး လတ်ဆတ်တဲ့ ကြက်ဥတွေကို လုံလောက်စွာ ရရှိစေဖို့ ဥစားကြက်မွေးမြူရေးဇုန်ဖော်ဆောင်နေတယ်လို့ မကွေးတိုင်းဒေသကြီးသမဝါယမအသင်းကနေသိရပါတယ်။

အဲဒီဥစားကြက်မွေးမြူရေးဇုန်ကို မကွေးမြို့နယ်၊ ရှားပင်လှကျေးရွာအနီး ရွှေတင့်တူး စိုက်ပျိုးမွေးမြူရေးဇုန်ထဲမှာအကောင်အထည်ဖော်ဆောင်ရွက်နေတာပါ။ လက်ရှိမှာတော့ ဥစားကြက်မွေးမြူရေးဇုန်မှာကြက်ခြံ ၆ ခြံရှိပြီး ဥစားကြက်အကောင်ရေ ၁ သောင်း ကျော်ကို မွေးမြူထားပါတယ်။ ဥစားကြက်မွေးမြူရေးဇုန် ဖော်ဆောင်တာဟာ တိုင်းဒေသကြီးအတွင်းက ပြည်သူတွေ ဈေးနှုန်းသက်သာစွာ စားသုံးနိုင်ဖို့ ရည်ရွယ်တာဖြစ်ပြီး ကြက်ခြံတွေကိုလည်း တိုးချဲ့သွားမယ်လို့ မကွေးတိုင်းဒေသကြီး သမဝါယမအသင်းဦးစီးမှူးက ပြောပါတယ်။

ဥစားကြက်မွေးမြူရေးဇုန်ထဲမှာ ကြက်ခြံပေါင်း ၃၀ လောက်ထိ အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။လက်ရှိမှာ ဥစားကြက်မွေးမြူရေးဇုန်ကထွက်ရှိတဲ့ ကြက်ဥတွေကို အရွယ်အစားအလိုက် ကြက်ဥတစ်လုံးကို ကျပ် ၃၀၀ ကနေ ကျပ် ၄၀၀ အတွင်း ရောင်းချပေးနေပါတယ်။ အဲဒီရွှေတင့်တူးစိုက်ပျိုးမွေးမြူရေးဇုန်ကို နိုင်ငံတော် ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ရဲ့ လမ်းညွှန်မှုနဲ့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဖော်ဆောင်နေတာဖြစ်ပြီး လာမဲ့ဒီဇင်ဘာလ ၂ ရက်မှာ ဖွင့်ပွဲအခမ်းအနား ပြုလုပ်သွားမှာဖြစ်တယ်လို့ ဆိုပါတယ်။

အဲဒီဇုန်ထဲမှာ ဥစားကြက်ခြံတွေအပြင် ဝက်မွေးမြူရေး၊ ငါးမွေးမြူရေးနဲ့ အထွက်တိုး စပါးတွေကိုလည်း မွေးမြူစိုက်ပျိုး ထုတ်လုပ်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## ဩဂဲနစ်ထုတ်ကုန်များအား အပတ်စဉ်ရောင်းချပေးနေ



သဘာဝဩဂဲနစ် ၊ GAP၊ သဘာဝနည်းစနစ်နဲ့ စိုက်ပျိုး ထုတ်လုပ်ထားတဲ့ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံတွေနဲ့ ထုတ်ကုန်တွေကို ရောင်းချပေးနေတဲ့ Safe Food From Safe Farm Marketကို စက်တင်ဘာလကစပြီး အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့တိုင်း မနက် ၆ နာရီခွဲကနေ မွန်းလွဲ ၂ နာရီအထိ ရန်ကုန်မြို့ရှိ မြေပဒေသာကျွန်းမှာ ရောင်းချပေးနေပါတယ်။

Safe Food From Safe Farm Marketကို မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက ကြီးမှူးပြီး ဖွင့်လှစ်ရောင်းချပေးနေတာပါ။ ဩဂဲနစ်စိုက်ပျိုးတဲ့ တောင်သူတွေအတွက် ဈေးကွက်ဖော်တဲ့အနေနဲ့ အခုလိုရောင်းချပေးရတာဖြစ်တယ်လို့ မြန်မာနိုင်ငံ သစ်သီးဝလံ၊ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူးက ပြောပါတယ်။

Safe Food From Safe Farm Marketမှာ ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံ လတ်လတ်ဆတ်ဆတ်တွေကို ရောင်းချပေးနေသလို သီးနှံတွေက ပြန်လည်ထုတ်လုပ်တဲ့ MSME ထုတ်ကုန်တွေကိုလည်း ဈေးကွက်ဖော်ထုတ်နိုင်အောင် ရောင်းချပေးနေတာ ဖြစ်ပါတယ်။

Safe Food From Safe Farm Market ကို ၂၀၁၃ ခုနှစ်ကတည်းကစတင်ဖွင့်လှစ်ရောင်းချပေးခဲ့တာဖြစ်ပြီး ကိုဗစ်-၁၉ ကာလနောက်ပိုင်းပိတ်ထားခဲ့ရာကနေ အခုနှစ်မှာမှ ပြန်လည်ဖွင့်လှစ်ရောင်းချတာဖြစ်တယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၇-၁၁-၂၀၂၅ မှ ၂၁-၁၁-၂၀၂၅ ရက်နေ့အတွင်း ဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်)ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂,၆၀၈,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၂,၈၈၃,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၅၉၀,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂၄,၀၀၀ နှင့် မတ်ပဲ SQ/RC (2024 Crop) ကျပ် ၄၇,၀၀၀ ဈေးမြင့်တက်ခဲ့ပြီး ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၁၇,၀၀၀ ဈေး ကျဆင်းခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၂၅ လုံး (တန်ချိန် ၆၀၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၈၅ လုံး (တန်ချိန် ၂၀၄၀)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ် ထက် မတ်ပဲကွန်တိန်နာ ၆၀ လုံး (တန်ချိန် ၁၄၄၀) လျော့နည်း ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၈,၅၀၀၊

မြားနီ ကျပ် ၉,၅၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၃၂,၀၀၀ ၊ပျော်ဘွယ်မိုးထောင် ကျပ် ၁၄,၀၀၀ နှင့် မြစ်ဝပု(သစ်) ကျပ် ၃၀,၀၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဧရာတ်သီးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ဧရာတ်ရှည်အိတ် ပေါင်း ၉၀၀ (၁၈,၀၀၀ ပိဿာ) နှင့် ဧရာတ်ပုအိတ်ပေါင်း ၁၀၀ (၁,၅၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ဧရာတ်ရှည်အိတ်ပေါင်း ၁၂၀၀ (၂၅,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ဧရာတ်ရှည်အိတ်ပေါင်း ၃၅၀ (၇,၀၀၀ ပိဿာ)နှင့် ဧရာတ်ပုအိတ်ပေါင်း ၁၀၀ (၁,၅၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၅၅၀၀ နှင့် မန်ကျည်းအသား(သစ်) ကျပ် ၉၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီး များဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာ နှင့် သကြား(တစ်ပိဿာ) ဈေးနှုန်း များမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၆၅၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၀၀၀၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၆၄၀၀၊ ရေစကြို ထန်းလျက်(သစ်) ကျပ် ၇၅၀၀၊ ကြံသကာ ကျပ် ၄၈၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၁၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာမလိုင်(ဒုံး) ကျပ် ၁၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၇-၁၁-၂၀၂၅ မှ ၂၁-၁၁-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၁၆၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၃၅၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၉၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၄၇၅ ၊ မုံရွာသစ်ရှယ် ကျပ် ၁၈၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၁၃၀၀ ၊ မုံရွာလတ်သန့် ကျပ် ၈၅၀ နှင့် မုံရွာလတ်ချော ကျပ် ၄၇၅ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၅၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၅၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၂၅ ၊ မုံရွာသစ်ရှယ် ကျပ် ၁၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၁၀၀ ၊ မုံရွာလတ်သန့် ကျပ် ၁၅၀ နှင့် မုံရွာလတ်ချော ကျပ် ၇၅ အသီးသီး ဈေးကျဆင်းခဲ့သည်။

ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၀၅ စီး(၆၃၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၅၀ စီး (၉၀၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၄၅ စီး (၂၇၀,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများနေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၂၀၀၀၀၊ အောင်ပန်းထူး -၂ ကျပ် ၃၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၄၀၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၅၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၆၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်းထူး -၂ ကျပ် ၅၀၀ ၊ အောင်ပန်းထူး-၃ ကျပ် ၅၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၅၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၃၀၀၀ (၉၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး

ယခုအပတ်တွင် ကြက်သွန်ဖြူအိတ်ရေ ၂၆၀၀(၇၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၄၀၀ (၁၂,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိ ရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့နှင့် တရုတ်မှ အာလူးများနေ့စဉ် ဝင်ရောက်လျက်ရှိရာ အာလူး(တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း OK ကျပ် ၅၀၀၀၊ အောင်ပန်း S1 ကျပ် ၅၅၀၀၊ အောင်ပန်း S2 ကျပ် ၆၃၀၀ နှင့် တရုတ်အာလူး ကျပ် ၇၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အာလူးများဈေးငြိမ်လျက် ရှိသည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၇ စီး (၁၀၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင်လည်း ကားစီးရေ ၁၇ စီး( ၁၀၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ကြောင်းသိ ရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ကျောက်ပန်းတောင်းပုပ္ပားဘက်မှလာသည့် ထန်းမြစ်များ နေပြည်တော်မှာ အရောင်းအဝယ်ဖြစ်နေ



နေပြည်တော်ဈေးများတွင် ကျောက်ပန်းတောင်း ပုပ္ပားဒေသထွက် ထန်းမြစ်များဝင်ရောက်လာရာ ရာသီပေါ်ဖြစ်သဖြင့် ရောင်းကောင်းနေကြောင်း ထန်းပင်မြစ်ပြုတ်ရောင်းချသူတစ်ဦးက ဆိုပါတယ်။

"ဒီအချိန်က ထန်းမြစ်တူးချိန်ဆိုတော့ ထန်းပင်မြစ်တွေ ဈေးကွက်ထဲစပြီး ဝင်လာပြီလေ။ အခုကတော့ ကျောက်ပန်းတောင်းပုပ္ပားဘက်က လာတယ်လို့ ပြောတာပဲ။ မြင်းခြံ၊ မလှိုင်၊ တောင်သာစတဲ့ ဒေသတွေကလည်းလာပေမဲ့ ဒီနှစ်တော့မဝင်သေးဘူး၊ ရာသီစာဆိုတော့ဒီအချိန်ပြုတ်ရောင်းရတာရောင်းရတယ်၊ ထန်းမြစ်ပြုတ် ကြိုက်သူတွေရှိတယ်လေ၊ နောက်ပိုင်းလှိုင်လှိုင်ပေါ်လာ တော့အရောင်းနည်းသွားမယ်" ဟုထန်းမြစ်ပြုတ်ရောင်းချသူတစ်ဦးက ပြောပါတယ်။

ဈေးများထဲတွင်ထန်းမြစ်မပြုတ်ရသေးသည့် ထန်းမြစ်အစိမ်း(၁၀)ချောင်းစီးတစ်စီးလျှင် ကျပ် ၇၀၀ – ၈၀၀ ဖြင့်ရောင်းချပြီး ၊ထန်းမြစ်ပြုတ်ရောင်းချသူများမှထန်မြစ်ပြုတ်ပြီးသားတစ်ချောင်း ၁၀၀ ကျပ်ဖြင့်ရောင်းချကြောင်း၊ အချို့ထန်းပင်မြစ်ကြိုက်သူများမှ ဈေးထဲမှ ထန်းမြစ်အစိမ်းများဝယ်ယူပြီး ပြုတ်မစားဘဲ မီးဖုတ်စားကြကြောင်းလည်းသိရပါတယ်။

**Source :** https://opinionleadersmedia.com/

## တရုတ်နိုင်ငံဈေးကွက်သို့ ရဝမ်ဒါထောပတ်သီးများတင်ပို့မှုဆိုင်ရာ စာချုပ်သစ်ချုပ်ဆို

အရှေ့အာဖရိကရှိ ရဝမ်ဒါနိုင်ငံ(Rwanda)သည် တရုတ်နိုင်ငံနှင့် ထောပတ်သီးတင်ပို့မှုဆိုင်ရာ စာချုပ်သစ်ကို လက်မှတ်ရေးထိုးခဲ့ပြီး တရုတ်စားသုံးသူများအတွက် ရရှိနိုင်သော ရဝမ်ဒါထုတ်ကုန်အမျိုးအစား များပိုမို ကျယ်ပြန့်လာသည်။

တရုတ်နိုင်ငံရှိ ရဝမ်ဒါသံရုံးက ရဝမ်ဒါနိုင်ငံမှ တရုတ်နိုင်ငံသို့ လတ်ဆတ်သောထောပတ်သီးများ တင်ပို့ရန်စစ်ဆေးခြင်း(Inspection)၊ စောင့်ကြည့်ခြင်း(Quarantine)နှင့် ကျန်းမာရေးလိုအပ်ချက်များ(Sanitary Requirements)ဆိုင်ရာ စာချုပ်(Protocol) ကို ၁၂-၁၁-၂၀၂၅ ရက်နေ့တွင် လက်မှတ်ရေးထိုး ခဲ့ကြောင်း ဖော်ပြခဲ့သည်။

ရဝမ်ဒါသံရုံး၏လူမှုကွန်ရက်စာမျက်နှာ X တွင် ယင်းသဘောတူညီချက်သည် အရည်အသွေးမြင့် ရဝမ်ဒါထောပတ်သီးများ တရုတ်ဈေးကွက်ထဲသို့ဝင်ရောက်ခွင့်ပြုမည်ဖြစ်ပြီး လူဦးရေ ၁ ဒသမ ၄ ဘီလီယံရှိသော တရုတ်ဈေးကွက်သို့ တင်ပို့ခွင့်ရရှိသည့် ရဝမ်ဒါစိုက်ပျိုးရေးထုတ်ကုန်များ၏ ကျယ်ပြန့်မှုကို တိုးချဲ့ပေးသွားမည်ဖြစ်ကြောင်း ရေးသားဖော်ပြခဲ့သည်။

ရဝမ်ဒါစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးပို့ကုန်ကုမ္ပဏီ Bahage Foods Ltd ၏တည်ထောင်သူနှင့် ပိုင်ရှင် Angel Uwantege က တရုတ်နိုင်ငံသို့ ရဝမ်ဒါထောပတ်သီးများတင်ပို့မည့် စာချုပ်သည် ၎င်းတို့၏တင်ပို့မှုကို သိသိသာသာမြှင့်တင် ပေးလိမ့်မည်ဖြစ်ကြောင်းနှင့် ၎င်းတို့အနေဖြင့် တိုးတက်မှုအလားအလာအပေါ် ကြိုဆိုပြီး တရုတ်မိတ်ဖက်များနှင့် လက်တွဲလုပ်ဆောင်ရန် မျှော်လင့်နေကြောင်း မကြာသေးမီက ရှင်ဟွာသတင်းဌာန၏ တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားခဲ့သည်။

ရဝမ်ဒါ-တရုတ်ပူးပေါင်းဆောင်ရွက်မှုသည် တိုးတက်မှုအလားအလာ အလွန်ကြီးမားကြောင်း Angel က ထောက်ပြခဲ့သည်။ ကုန်သွယ်ရေးဆိုင်ရာသဘောတူညီချက်များ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ယဉ်ကျေးမှု ဆိုင်ရာ ဖလှယ်မှုများ ပိုမိုဆောင်ရွက်လာနိုင်မည်ဟု မျှော်လင့်ကြောင်းနှင့် ကုမ္ပဏီအနေဖြင့် တရုတ်ဈေးကွက်သို့ ရဝမ်ဒါထုတ်ကုန်များပြသရန်၊ အထူးသဖြင့် ထောပတ်သီးများကိုပြသရန် China International Import Expo ကဲ့သို့သောပလက်ဖောင်းများကို စူးစမ်းလေ့လာရန် စိတ်အား ထက်သန်နေကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။

တရုတ်ဈေးကွက်ကို ယုံကြည်ကြောင်း၊ သက်သာသော အကောက်ခွန်မူဝါဒသည်လည်း ရဝမ်ဒါထုတ်ကုန်များအတွက် တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရန် ပိုမိုလွယ်ကူစေကြောင်းနှင့် ကုန်ကျစရိတ်များကို လျှော့ချပေးပြီး မိမိတို့၏ထုတ်ကုန်များအတွက် ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရရှိစေပါကြောင်း Angel က ဖြည့်စွက်ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသို့ ထောပတ်သီးများတင်ပို့ခွင့်ပြုသည့် စာချုပ်ကို အပြီးသတ်ခဲ့သည့် ရဝမ်ဒါ၏ ဆောင်ရွက်မှုသည် ကြီးထွားလာနေသော ဥယျာဉ်ခြံမြေကဏ္ဍ(horticulture sector)အတွက် အဓိကဖွံ့ဖြိုးတိုးတက်မှုတစ်ခုဖြစ်ကြောင်း ရဝမ်ဒါအမျိုးသား အင်္ဂလိပ်ဘာသာသတင်းစာ(national English-language newspaper) ဖြစ်သော The New Times က မှတ်ချက်ပြုခဲ့သည်။

ရဝမ်ဒါဥယျာဉ်ခြံမြေထုတ်ကုန်တင်ပို့သူများအသင်း (Horticulture Exporters Association of Rwanda) ၊ ဥက္ကဋ္ဌ Robert Rukundo ၏ ပြောကြားချက်အရ တရုတ်နိုင်ငံသည် ရဝမ်ဒါထောပတ်သီးများအတွက် အကြီးမားဆုံးသော ဦးတည်ရာများထဲမှ တစ်ခုအဖြစ် အလျင်အမြန်ရောက်ရှိလာနိုင်ပြီး ယခုအချိန်အထိ ဒူဘိုင်းနိုင်ငံနှင့် ဥရောပ၏ ဒေသများအပေါ် များစွာမှီခိုနေရသော ပို့ကုန်ကဏ္ဍအတွက် အရေးကြီးသော အပြောင်းအလဲတစ်ခုဖြစ်လာနိုင်ကြောင်း သိရသည်။

ရဝမ်ဒါစီးပွားရေးဆိုင်ရာ သုံးသပ်သူ Teddy Kaberuka က ရဝမ်ဒါထောပတ်သီးတင်ပို့မှုစာချုပ်သည် နှစ်နိုင်ငံကြား ကုန်သွယ်မှုဆက်ဆံရေး ပိုမိုနက်ရှိုင်းစေရန်အတွက် အရေးပါသည့် ခြေလှမ်းတစ်ခုအဖြစ် ဂုဏ်ပြုပြောကြားခဲ့သည်။

Kaberuka က ယင်းသဘောတူညီချက်သည် ကော်ဖီ(coffee) နှင့် လက်ဖက်ရည်(tea)ကဲ့သို့သော ရိုးရာကုန်ပစ္စည်းများ (traditional commodities)ထက် ရဝမ်ဒါ၏တင်ပို့မှုကို ပြည့်စုံစေမည်ဖြစ်ကြောင်း အလေးပေးပြောကြားခဲ့သည်။

အာဖရိက-တရုတ်ပူးပေါင်းဆောင်ရွက်မှု၏ ကျယ်ပြန့်သော အဓိပ္ပာယ်သက်ရောက်မှုများနှင့်ပတ်သက်၍ ယင်းစာချုပ်ကို တန်ဖိုးမြင့်စိုက်ပျိုးရေးထုတ်ကုန်ကုန်သွယ်မှုအတွက် စံနမူနာတစ်ခုအဖြစ် ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံသို့ထောပတ်သီးတင်ပို့မည့်အဆိုပါစာချုပ်သည် ကမ္ဘာ့ရွေ့လျားမှုအမြန်ဆုံး စားသုံးသူဈေးကွက်တစ်ခု(world's most dynamic consumer market)တွင် ရဝမ်ဒါ၏ ထောပတ်သီးများကို နေရာချပေးမည့် မဟာဗျူဟာမြောက်ဝင်ပေါက် တစ်ခု (a strategic gateway) ဖြစ်လာမည်ဖြစ်သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန (Chinese Ministry of Foreign Affairs)၏အချက်အလက်များအရ ၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံနှင့် ရဝမ်ဒါနိုင်ငံတို့ကြား နှစ်နိုင်ငံကုန်သွယ်မှုသည် အမေရိကန် ဒေါ်လာ ၆၆၉ သန်းရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၂၁ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း တွေ့ရှိရသည်။

**Source :** **https://en.people.cn/n3/2025/1114/c90000-20390470.html**

**(လျှန်ရှန်းမုန်၊ စီးပွားရေးသံမှူး၊ ကူမင်းမြို့)**

## စင်ကာပူနိုင်ငံ၏တင်ပို့မှု အောက်တိုဘာလတွင် ယခင်နှစ်ထက် ၂၂ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်

Artificial Intelligence(AI)နှင့် Chip များဝယ်လိုအားမြင့်တက်မှုကြောင့် အောက်တိုဘာလတွင် စင်ကာပူနိုင်ငံ၏တင်ပို့မှု တိုးတက်ခဲ့ပါသည်။ စက်သုံးဆီမှအပ ကျန်ကုန်စည်များတင်ပို့မှုမှာ ယခင်နှစ်ကထက် ၂၂ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။

အမေရိကန်နိုင်ငံ၏ တစ်ပိုင်းလျှပ်ကူးပစ္စည်းများအပေါ် အခွန်စည်းကြပ်လာနိုင်သော်လည်း ၂၀၂၅ ခုနှစ်တွင်တင်ပို့မှုတိုးတက်မည်ဖြစ်ကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တစ်ပိုင်းလျှပ်ကူးပစ္စည်းဝယ်လိုအားသည် အမေရိကန်နိုင်ငံမှ ဝယ်လိုအားကျဆင်းမှုကို ခုနိမ်နိုင်မည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များက ခန့်မှန်းထားသည်။

UOB ဘဏ်၏ စီးပွားရေးပညာရှင် Jester Koh က စင်ကာပူနိုင်ငံ၏ စက်သုံးဆီမှအပ ကျန်ကုန်စည်များတင်ပို့မှုမှာ ၄ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်လာကြောင်း၊ OCBC ဘဏ်၏ စီးပွားရေးပညာရှင်ခေါင်းဆောင် Selena Ling က ဘဏ်အနေဖြင့် ၂၀၂၅ ခုနှစ်အတွက် စီးပွားရေးတိုးတက်မှုမှာ ၄ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားကြောင်း၊၂၀၂၆ ခုနှစ်အတွက် စက်သုံးဆီ မှအပ ကျန်ကုန်စည်များတင်ပို့မှုမှာ ၁ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းအကြားရှိမည်ဟု ခန့်မှန်းကြောင်း ပြောကြားခဲ့သည်။

Oxford Economics လုပ်ငန်းက လာမည့်သုံးလပတ်တာကာလများအတွင်း အာဆီယံနိုင်ငံများ၏ တင်ပို့နိုင်မှုမှာ အခြားဒေသတွင်းနိုင်ငံများထက် ပိုမိုကောင်းမွန်ရန် အလားအလာရှိကြောင်း ပြောကြားခဲ့သည်။

Oxford Economics ၏ အကြီးတန်းစီးပွားရေးပညာရှင် Sheana Yue က တရုတ်နိုင်ငံ၏ ပို့ကုန်ပြောင်းလဲမှုဖြစ်စဉ်ကြောင့် အာဆီယံနိုင်ငံများက ကုန်စည်ထောက်ပံ့ပေးသွင်းမှုကွင်းဆက်များကို ပြန်လည်တည်ဆောက်လျက်ရှိကြောင်း၊ အကျိုးဆက်အနေဖြင့် စင်ကာပူနိုင်ငံမှတစ်ဆင့် ကုန်စည်များပြန်လည်တင်ပို့သည့်ပမာဏ မြင့်တက်စေခဲ့ကြောင်း၊ အမေရိကန်နိုင်ငံက တင်ပို့မှုအပေါ် အခွန်စည်းကြပ်မှုများဆက်လက်မပြုလုပ်ပါက ၂၀၂၅ ခုနှစ်အတွက် စင်ကာပူနိုင်ငံ၏ တင်ပို့မှုပမာဏမှာ ၆ ဒသမ ၄ ရာခိုင်နှုန်း နှင့် ၂၀၂၆ ခုနှစ်တွင် ၁ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်နိုင်ကြောင်း ပြောကြားခဲ့သည်။

Oxford Economics သည် ယခင်က ၂၀၂၅ ခုနှစ်အတွက် တင်ပို့မှုကို ၅ ဒသမ ၃ ရာခိုင်နှုန်းဟု ခန့်မှန်းခဲ့သည်။

အမေရိကန်နိုင်ငံ၏ လျှပ်စစ်ပစ္စည်းများအပေါ် ကင်းလွတ်ခွင့်ကြောင့် စင်ကာပူနိုင်ငံ၏ လျှပ်စစ်ပစ္စည်းတင်ပို့မှုမှာ စက်တင်ဘာလတွင် ၃၀ ဒသမ ၄ ရာခိုင်နှုန်းရှိပြီး အောက်တိုဘာလ၌ ၃၃ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့သည်။ ကိုယ်ပိုင်သုံးကွန်ပျူတာတင်ပို့မှုမှာ ၇၇ ဒသမ ၇ ရာခိုင်နှုန်း၊ Disk Media Products ၃၁ ဒသမ ၄ ရာခိုင်နှုန်း၊ ဆားကစ်ပြားများ(Integrated Circuits) ၄၀ ဒသမ ၉ ရာခိုင်နှုန်းနှင့် ဆေးဝါးတင်ပို့မှုမှာ ၁၈ ဒသမ၈ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။

ထိုင်ဝမ်သို့ တင်ပို့မှုမှာ အောက်တိုဘာလတွင် ၆၁ ဒသမ၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး အထူးပြုလုပ်ထားသည့် စက်ပစ္စည်းများတင်ပို့မှု ၁၁၉ ဒသမ ၈ ရာခိုင်နှုန်း၊ Integrated Circuits တင်ပို့မှု ၇၃ ဒသမ ၉ ရာခိုင်နှုန်းနှင့် Printed Circuit Boards များတင်ပို့မှု ၇၁ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။

ဟောင်ကောင်သို့ စက်သုံးဆီမှအပ ကျန်ကုန်စည်များတင်ပို့မှုမှာ အောက်တိုဘာလတွင် ၆၆ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး Integrated Circuits တင်ပို့မှု ၉၃ ဒသမ ၃ ရာခိုင်နှုန်း၊ အထူးပြုလုပ်ထားသည့် စက်ပစ္စည်းများတင်ပို့မှု ၈၄၈ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။

စင်ကာပူနိုင်ငံ၏ အကြီးဆုံးပို့ကုန်မိတ်ဖက်နိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံသို့ တင်ပို့နိုင်မှုမှာ ၁၂ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ၆ လဆက်တိုက်တင်ပို့မှုကျဆင်းခဲ့သည်။ ထို့ပြင်ဂျပန်နိုင်ငံသို့တင်ပို့နိုင်မှုမှာလည်း သုည ဒသမ၁ ရာခိုင်နှုန်းကျဆင်း ခဲ့သည်။

**Source: The Straits Times**

**(သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)**

# STOCK EXCHANGE (25.11.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 25th Nov. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 15,404 (Shares) | 34,201,600 (MMK) |

### Stock trading

| Name | Code | Close | Change | %Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +100 | +1.16% | 8,600 | 8,700 | 8,600 | 116 | 1,004,600 | 33,109,694 | 288,054 |
| MTSH | 00002 | 3,600 | +0 | +0.00% | 3,600 | 3,600 | 3,600 | 1,458 | 5,248,800 | 38,929,150 | 140,145 |
| MCB | 00003 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 25 | 190,000 | 10,400,986 | 79,048 |
| FPB | 00004 | 2,100 | -50 | -2.33% | 2,050 | 2,100 | 2,050 | 456 | 942,600 | 29,664,613 | 62,296 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 300 | 855,000 | 12,823,224 | 36,546 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 2,217 | 3,718,900 | 19,977,223 | 33,961 |
| AMATA | 00007 | 3,600 | +0 | +0.00% | 3,600 | 3,600 | 3,600 | 2 | 7,200 | 10,497,598 | 37,791 |
| MAEX | 00008 | 3,150 | +0 | +0.00% | 3,150 | 3,150 | 3,150 | 30 | 94,500 | 23,804,946 | 74,986 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 25th Nov. 2025

### Today's summary

| Index name | Close | Change | %Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 399.13 | +0.97 | +0.24% | 396.59 | 399.13 | 396.59 | 4,604 | 12,061,600 | 8 | 752,827 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 25th Nov. 2025

| Trading Volume | Trading Value |
|---|---|
| 15,404 (Shares) | 34,201,600 (MMK) |

## Main Board

As of 1:00 pm, 25th Nov. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 15,404 (Shares) | 34,201,600 (MMK) |

| MYANPIX | 399.13 ▲ 0.97 |
|---|---|
| Total Volume (shares) | 4,604 |
| Total Value (MMK) | 12 mil |
| Listed Company | 8 |
| Market Cap. (MMK) | 752,827 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 100 |
| MTSH | 00002 | 3,600 | ▲ 0 |
| MCB | 00003 | 7,600 | ▲ 0 |
| FPB | 00004 | 2,100 | ▼ 50 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 3,600 | ▲ 0 |
| MAEX | 00008 | 3,150 | ▲ 0 |